*Volume 2 / Issue2 /February / 2009*

*Enjoy free reading from B.C.F*

# † *Newsletter* - သတင်းလွှာ

## မြန်မာခရစ်ယာန်မိတ်သဟာယအသင်းတော်

(အသင်းတော်တွင်းကန့်သတ်ထုတ်ဝေသည်)

*King David's Prayer (1 Chronicles 29:10-13)*

*David praised the LORD in the presence of the whole assembly, saying,*
*"Praise be to you, O LORD,*
*God of our father Israel,*
*from everlasting to everlasting.*

*Yours, O LORD, is the greatness and the power*
*and the glory and the majesty and the splendor,*
*for everything in heaven and earth is yours.*
*Yours, O LORD, is the kingdom;*
*you are exalted as head over all.*

*Wealth and honor come from you;*
*you are the ruler of all things.*
*In your hands are strength and power*
*to exalt and give strength to all.*

*Now, our God, we give you thanks,*
*and praise your glorious name. Amen.*

Mailing Address- Burmese Christian Fellowship. 11410 Telechron Ave. Whittier, CA 90605

Phone (562) 944-9091 www. bcfla.org

## Jesus is Real

**Jesus is Real** is the true story of how the God of love pursued Khin (Shirley) until she discovered His forgiveness, love, and eternal life. Readers will find themselves drawn along by her fascinating journey out of ritualistic Buddhism into a daily, personal relationship with Jesus I found myself saying, "Yes! Knowing God is so simple, so clear." Jesus is Real has inspired me to trust God more and look for His presence in every aspect of my life. May you be convinced by her changed life that Jesus is Real.
-- **Les Beauchamp**, Senior Pastor, Trinity Church, Omaha, Nebraska.

**Book Summary:-** This book is not a comparative study between Buddhism and Christianity. It is the depiction of a personal story of spiritual migration from a belief system to a relationship with the Living God.

Shirley's story is quite simple; this book will encourage your heart as you see the change from religious formalism to spiritual freedom. This book will put transformation in black and white. Maybe you are a Buddhist who would like the perspective of someone that started out where you are. Here is the story of a person raised in the ideas and practice of Buddhism that came to Christ, because Jesus Is Real.

I am blessed to get acquainted with a former professor of Rangoon University, Khin (Shirley) Swe Than. Her amazing testimony, ***Jesus is Real***, will disclose how God has changed her life in very interesting and inspiring ways. Reading her testimony will be of great impact for those who would like to do evangelistic work among Buddhists and others.
**--Rev. Dr. Yawba Lasaw**, Pastor at First Kachin Baptist Church of Los Angeles, and President of Kachin American Association.

The application of a close relationship with Christ, vividly depicted by Khin, shows the impetus and source of living life to its fullest. This book shows in real life, how God prepares a person for special tasks suited for that person especially when the person partners with Him. Be prepared to look beyond the here and now as you read this book.
**--Kolade Alabi**, PhD., Senior Specialist, Novartis Consumer Health Inc

**Contact Shirley:-** Khin (Shirley) can be reached via e-mail at childofgod.christwarrior@yahoo.com

**"Jesus is Real" can be purchased via paypal for $10.**

# မိုးသီးအတွေ့အကြုံမှ…နှလုံးသွင်းဖွယ်ရာ

အချိန်ကာလအားဖြင့် ၂၀၀၉ခုနှစ်အစပိုင်း၊ဇန်နဝါရီလ၊ ၂၅ရက်၊တနင်္ဂနွေနေ့ညဥ့်မှတနင်္လာနေ့နံနက်သို့ စပ်ကူးမတ်ကူး၊ညဥ့်၁ ၂း၃၀နာရီဖြစ်သည်။ကျမသည်နှစ်ခြိုက်စွာအိပ်ပျော်နေရာမှ၊အိပ်မက်လိုလိုပင်၊စိတ်အမြင်ဝယ်၊ အိမ်ခေါင်မိုးပေါ်သို့ သေးငယ်သောခဲလုံးလေးများ မြောက်များစွာ တဖေါက်ဖေါက်ကျလာသံများနှင့်အတူ ကျယ်လောင်သောမိုးထစ်ချုန်းသံကိုကြား၍၊အိပ်ပျော်နေရာမှလန့်နိုးလာသည်။အလွန်လင်းလက်သောလျှပ်စီးပျက်ခြင်းကိုတွေ့ရသဖြင့်၊မျက်စိကိုပြန်မှိတ်လိုက်ကာ၊ ၁၊၂၊၃၊၄….ရေတွက်ယင်း၊အခြေအနေကိုသုံးသပ်နေစဉ်မှာပင်၊ မိုးကြိုးပစ်သံထစ်ချုံး၍၊ အိမ်ခေါင်မိုးပေါ်သို့ တဖေါက်ဖေါက်နှင့်မိုးစက်မိုးပေါက်ကျသံမှာ ပို၍အသံကျယ်လာပြီး၊ စိတ်ထဲမှာလည်းတစ်မူထူးခြားနေသဖြင့်အိပ်ယာမှထကာ၊ မှန်ပြတင်းပေါက်မှအပြင်သို့လှမ်းကြည့်လိုက်သော်၊ဖြူဖွေးနေသည့် မိုးသီး(Hail)များတဖေါက်ဖေါက်ကျနေသည်ကိုတွေ့ရပါသည်။

ထိုစဉ်၊အံ့ဩခြင်းနှင့်အတူ၊မိသားစုဝင်တယောက်ယောက်အားနှိုးပြမည်ဟုအကြံရှိလျှက်၊အိပ်ခန်းပြင်သို့ ထွက်ပြီး၊သားငယ်၏အိပ်ခန်းသို့လှမ်းကြည့်လိုက်သောအခါ၊မီးရောင်မြင်ရသဖြင့်တံခါးခေါက်ခါ၊မိုးသီးကျနေကြောင်း ပြောပြရာ၊သားငယ်လည်းအံ့ဩဝမ်းသာစွာနှင့်ပြတင်းပေါက်မှသားအမိနှစ်ယောက်အပြင်သို့လှမ်းကြည့်ရာ၊တဒင်္ဂ အတွင်းမှာပင်၊ မျက်စိတဆုံး၊ မိုးသီးများလွှမ်းကာ၊ဖြူဖွေးသွားပါတော့သည်။သားငယ်လည်းအိမ်အပြင်သို့ထွက်၍၊ မှတ်တမ်းတင်ဓါတ်ပုံထက်ရိုက်စဉ်မှာပင်၊ပတ်ဝန်းကျင်မှအိမ်နီးချင်းများလည်းအသီးသီးထွက်လာ၍၊ဓါတ်ပုံရိုက်ခြင်း၊ ကလေးငယ်များ မိုးသီးများဖြင့်ပစ်ပေါက်ကစားခြင်း၊ ရေခဲလျှောစီးခြင်းတို့ဖြင့် ပျော်ရွှင်စွာကစားနေကြသည်မှာ ညဥ့်နက်သန်ကောင်ကျော်အချိန်ဖြစ်သော်လည်း သောသောညံနေပါသည်။ ကြုံရခဲသောအခြေအနေဖြစ်၍လည်း ကောင်း၊ ချစ်စရာဖြူဖွေးသောမိုးသီးများဖြင့်ရေခဲပြင်/ဆီးနှင်းပြင်အဖြစ်လည်းကောင်း၊ မြင်တွေ့ရ၍သာလျှင်၊ ပျော်ရွှင်ဖွယ်ကောင်းလှပါပေသည်။

နံနက်လင်း၍၊နေမြင့်သည်အထိ၊အိမ်၏အနောက်ဘက်မြက်ခင်းပြင်၌မိုးသီးများဖြင့်ဖြူဖွေးနေသည်ကိုတွေ့၍၊ ညကအလွန်၍သာ၊ အရည်ပျော်၍မသွားပါ။ ဘေးပတ်ဝန်းကျင်ရှိ အိမ်ခေါင်မိုးများပေါ်တွင်လည်း မိုးသီးများဖြင့် ဖြူဖွေးနေသည်ကိုတွေ့ရပါသည်။ သို့သော်ခြံစည်ရိုးပင်များမှ အရွက်များပြတ်ကျခြင်း၊ အချို့အပင်များမှ သီးကင်းများကြွေခြင်း၊ ပန်းပင်များမှ အရွက်နှင့်အတူအပွင့်များ စုတ်ပြတ်သွားပါသည်။ ဤအဖြစ်အပျက်ကိုကြည့်ပြီး၊ သားငယ်က “အရာရာဟာ အကောင်းနှင့်အဆိုး ဒွန်တွဲနေတာဘဲလေ”ဟု တရားသဘောကို ပြောပါသည်။ ကျမကလည်းကျမ၏မိခင်ပြောခဲ့သောစကားကိုသတိရ၍၊ သားငယ်အား “ဖွားဖွားငယ်ကပြောတယ်၊ မိုးသီးက အကွယ်အကာမရှိဘဲ၊ လူ/တိရစ္ဆာန်များအပေါ်တိုက်ရိုက်ထိလျှင် အလွန်နာကျင်ကြောင်း၊ ခဲလုံးပမာဏရှိလျှင် သေနိုင်ကြောင်း၊ ကောက်ပဲသီးနှံပင်များပျက်စီး၍၊ ထွက်ကုန်နည်းပါးကြောင်း”တို့ကိုပြန်လည်ကာပြောပြယင်း၊ သမ္မာကျမ်းစာထဲတွင်ပါသော“အချိန်တစ်ဆယ်ရှိသောမိုးသီး”အကြောင်းသို့ရောက်သွားပါသည်။

ယုံကြည်သူများဖြစ်ကြသောကျမတို့သည်အလုံးစုံဟာကျေးဇူးတော်ဘဲ၊ခပ်သိမ်းသောအရာအားလုံးသည် ဘုရားသခင်၏ဘုန်းတော်၊တန်ခိုးတော်၊ဂုဏ်တော်နှင့်နာမတော်ကြောင့်ဖြစ်ကြောင်းချီးမွမ်းကြသည်။ထို့အတူဘုရားသခင်၏အမျက်တော်ကိုကြောက်ရွံ့၍၊ ဂရုဏာတော်ကိုသာခံစားလိုကြပါသည်။ သို့သော် လူအများသည် ကျေးဇူးတော်ကိုမသိနားမလည်၊ နောင်တမရဘဲ၊ ဘုရားသခင်ကို ကျိန်ဆဲကြ၏။

သမ္မာကျမ်းစာတော်မြတ်မှ မိုးသီးနှင့်ပတ်သက်သော ကျမ်းချက်များကို ဖတ်၍ နှလုံးသွင်းကြပါစို့။—

(ထွက်၊ ၉း၁၈–၂၅) ကြည့်ရှုလော့။ အဲဂုတ္တုပြည်တည်သည်ကာလမှစ၍ ယခုတိုင်အောင်မရွာဘူးသောအလွန်ကြီး စွာသောမိုးသီးရွာခြင်းကို နက်ဖြန်နေ့ ဤအချိန်၌ ငါဖြစ်စေ မည်။ ထိုကြောင့် ယခုစေလွှတ်၍၊ လယ်ပြင်၌ရှိသော တိရစ္ဆာန်များ နှင့် ရှိလေသမျှတို့ကို သိမ်းယူလော့။ အိမ်သို့မဆောင်လျှင်၊ လယ်ပြင်၌တွေ့သမျှသောလူနှင့်တိရစ္ဆာန်တို့အပေါ်မှာ မိုးသီးကျ၍၊ သူတို့သည်သေကြလိမ့်မည် အကြောင်းကိုပြောလော့ဟု မောရှေအား မိန့်တော်မူ၏။ ထာဝရဘုရား၏ နှုတ်ကပတ်တော်ကို ကြောက်ရွံ့သော ဖါရောဘုရင်၏ ကျွန်တို့သည် မိမိကျွန် မိမိတိရစ္ဆာန်တို့ကို အိမ်သို့ပြေးစေကြ၏။ ထာဝရဘုရား၏ နှုတ်ကပတ်တော်ကို ပမာဏမပြုသောသူတို့သည် မိမိကျွန်၊ မိမိတိရစ္ဆာန် တို့ကိုလယ်ပြင်၌ ထားကြ၏။

ထာဝရဘုရားကလည်း၊ အဲဂုတ္တုပြည် တရှောက်လုံး၌ လူတို့အပေါ်မှာဝင်း၊ တိရစ္ဆာန်များ အပေါ်မှာဝင်း၊ လယ်ပြင်၌ရှိလေသမျှသောအပင်များ ပေါ်မှာဝင်း၊ မိုးသီးရွာစေခြင်းငှါ၊ သင်၏လက်ကိုမိုးကောင်းကင်သို့ ဆန့်လော့ဟုမောရှေအား မိန့်တော်မူ၏။ မောရှေသည် မိမိလှံတံကို မိုးကောင်းကင်သို့ ဆန့်၍၊ ထာဝရဘုရားသည် မိုးကြိုးနှင့် မိုးသီးကိုလွှတ်တော်မူ၏။ မီးသည်လည်း မြေပေါ်မှာ ပြေးလေ၏။ ထိုသို့ထာဝရဘုရားသည် အဲဂုတ္တုပြည်၌ မိုးသီးရွာစေတော်မူသဖြင့်၊ အဲဂုတ္တုပြည်တည်ထောင်သည် ကာလမှစ၍ တခါမျှမဖြစ်ဘူးသော မိုးသီး၊ မီးနှင့်ရော၍ အလွန်ပြင်းထန်စွာသော မိုးသီးဖြစ်လေ၏။ အဲဂုတ္တုပြည်တရှောက်လုံး၌၊ လယ်ပြင်မှာ ရှိသမျှသော လူနှင့် တိရစ္ဆာန်များ၊ မြက်ပင်များ၊ သစ်ပင်များတို့ကို မိုးသီး ထိလေ၏။ သို့ရာတွင် ဣသရေလ အမျိုးသားနေရာ ဂေါရှင်ပြည်၌မိုးသီးမကျမရွာ။

(ဗျာဒိတ်၊၈း၇) တံပိုးခုနစ်လုံးရှိသော ကောင်းကင်တမန် ခုနစ်ပါးတို့သည် မှုတ်အံ့သောငှါမိမိတို့ကိုပြင်ဆင်ကြ၏။ ပဌမသူသည်တံပိုး မှုတ်သောအခါ မိုးသီးဖြစ်၏။အသွေးနှင့်ရောနှောသော မီးလည်းဖြစ်၏။ မြေကြီး အပေါ်သို့ ချလိုက်၍၊ မြေသုံးစုတစု၊ သစ်ပင်သုံးစုတစု၊ စိမ်းသောမြက်ပင်ရှိသမျှ တို့ကိုကျွမ်းလောင်လေ၏။

(ဗျာဒိတ်၊၁၆း၂) အချိန်အခွက်တဆယ် ရှိသော မိုးသီးသည် ကောင်းကင်က လူတို့အပေါ်သို့ ကျလေ၏။ ထိုမိုးသီးဘေးဒဏ် အလွန်ကြီးသည်ဖြစ်၍၊ လူတို့သည် မိုဃ်းသီးဘေးဒဏ်ကြောင့် ဘုရားသခင်ကိုကျိန်ဆဲကြ၏။

ထိုသို့ အကျွန်ုပ်တို့၏ စိတ်နှလုံးသည် ဆင်ခြင်၍ သတိရှိသောအခါ မြော်လင့်စရာအခွင့်ရှိပါ၏။ ထာဝရဘုရားသည်သနားတော်မူ၍ ကရုဏာတော်သည် မကုန်သောကြောင့်၊ အကျွန်ုပ်တို့သည်ဆုံးရှုံးခြင်းသို့မရောက်ဘဲ နေကြ၏။ နံနက်တိုင်းကရုဏာတော်အသစ်ကို ခံရကြ၏။ သစ္စာတော်သည်ကြီးမြတ်ပါ၏။ ဟုဝန်ခံလျှက် ထာဝရဘုရားသည် အကျွန်ုပ်တို့အဘို့ ဖြစ်တော်မူ၏။ ထို့ကြောင့်ကိုယ်တော်ကို အကျွန်ုပ်တို့မြော်လင့်ပါ၏။ကိုယ်တော်ကို မြော်လင့်သောသူနှင့် ကိုယ်တော်ကိုရှာသောသူ၏စိတ်ဝိညာဉ်အားထာဝရဘုရားကျေးဇူးပြုတော်မူပါ၏။ထိုကြောင့် ကယ်တင်တော်မူ မည်ဟုမြော်လင့်လျက် ငြိမ်ဝပ်စွာစောင့်၍ နေကြလော့။ ထာဝရဘုရားသည် ယေရှုခရစ်အားဖြင့် သင်တို့၏စိတ်နှလုံးတို့ကို စောင့်မတော်မူပါစေသော၀်။ အာမင်။ ။

~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~

## **Announcement**

1. 2009, B.C.F Youth and Young Adult retreat.
   Date - 02/07/09 – Saturday
   Time – 5:00 pm
   Place – Zarni Shinn residence
   Address – 331 N. Orange Crest Ave. Azusa, CA 91702.
   Contact Phone No. – 626- 633-0065

2. B.C.F official board members retreat and yearly plan.
   Date - 02/14/09 – Saturday
   Time – 9:00AM – 4:00PM
   Place – Dr. Charles Ang residence
   Address –372 N. Ivy Ave. Monrovia, CA 91016
   Contact Phone No. – 626 359 2527

Please attend without fail. Bring your 2008 report and for the year 2009 future plan.
~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~